# ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂရဲ့ မြန်မာ့အရေးအတွက် ကြားဝင်ဖြေရှင်းမှုကို ကြိုဆို

၂၉ နိုဝင်ဘာ ၂၀၀၇

မြန်မာနိုင်ငံအပေါ်ကို အရေးယူပိတ်ဆို့တာတွေ ကန့်ကွက်ပေမယ့် ကုလသမဂ္ဂရဲ့ မြန်မာ့အရေး ကြားဝင်ဆောင်ရွက်တာတွေကို ထောက်ခံတဲ့အကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီး ဟော်နန်ဟုန် (Hor Namhong)က ပြောဆိုလိုက်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့ကို ရောက်နေတဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီနဲ့ တွေ့ဆုံပြီးတဲ့ နောက်မှာ အခုလိုပြောဆိုလိုက်တာပါ။ ဒီသတင်းကို ဦးသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံဒီမိုကရေစီရေးအတွက် မြန်မာစစ်အစိုးရကရော ကုလသမဂ္ဂကပါ ရှေ့ဆက်လုပ်ဆောင်သွားဖို့လိုတဲ့အကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေး၊ နိုင်ငံတကာ ပူးပေါင်းဆက်ဆံရေး ဝန်ကြီး နန်ဟုန်ကပြောသွားတာပါ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ အီဗရာဟင် ဂမ်ဘာရီနဲ့ တွေ့ဆုံပြီးမှာ သူက အခုလို ပြောဆိုလိုက်တာပါ။ မစ္စတာ ဂမ်ဘာရီက ကမ္ဘောဒီးယားကို နှစ်ရက်ကြာလာရောက်ပြီးတော့ ဒီနေ့ မနက်ပိုင်းမှာ ဖနွမ်ပင်ကို ရောက်ပါတယ်။ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂအနေနဲ့ တဆင့်ပြီးတဆင့် ရှေ့ဆက်လုပ်ဆောင်သင့်တယ်လို့လည်း ကမ္ဘောဒီးယားအနေနဲ့ အဆိုပြုချင်ပါတယ်လို့ ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီး ဟော်နန်ဟုန်က ပြောဆိုပါတယ်။

ဒီအချိန်ကစပြီးတော့ မြန်မာနိုင်ငံကိုအရေးယူရေး ကိစ္စတွေ ဆက်ပြီး မပြောသင့်တော့ဘူးလို့ မစ္စတာဂမ်ဘာရီကို သူပြောလိုက်တယ်လို့ ကမ္ဘောဒီးယားဝန်ကြီးကပြောပါတယ်။ ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး ပြောခဲ့သလို မြန်မာနိုင်ငံအပေါ်မှာ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးရလိမ့်မယ်လို့ ကမ္ဘောဒီးယားဝန်ကြီးက ပြောပါတယ်။ မစ္စတာ ဂမ်ဘာရီကတော့ ကမ္ဘောဒီးယားအရာရှိတွေနဲ့ ဆွေးနွေးပွဲဟာ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းတွေရှိပြီး သိပ်ကို အကျိုးရှိတယ်လို့ ပြောပါတယ်။

မစ္စတာဂမ်ဘာရီနဲ့ တွေ့ဆုံပြီးနောက် ကမ္ဘောဒီးယား နိုင်ငံခြားရေး ဝန်ကြီးကတော့ မြန်မာနိုင်ငံအတွင်း အခြေအနေတွေဟာ တိုးတက်မှုရှိလာပြီလို့ ပြောပါတယ်။

မနက်ဖြန်မှာ မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်လည်း ကမ္ဘာဒီးယားကို လာရောက်မှာဆိုတော့ မစ္စတာ ဂမ်ဘာရီက မနက်ဖြန် ကမ္ဘောဒီးယားကနေ ပြန်ထွက်ခွာမှာဖြစ်တဲ့ အတွက် မစ္စတာ ဂမ်ဘာရီနဲ့ ဗိုလ်ချုပ်မှူးကြီး သိန်းစိန်တို့ တွေ့ဆုံမယ် မတွေ့ဆုံဘူးဆိုတာကိုတော့ အတိအကျမသိရသေးပါဘူး။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟွန်နန်ကတော့ မြန်မာ့အရေးကို ကုလသမဂ္ဂရဲ့ ကြားဝင်ပါဝင်မှုတွေကို ကြိုဆိုတဲ့အကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရအကြား ထိတွေ့ ဆက်ဆံတဲ့ အခြေအနေတွေအပေါ်မှာ ကမ္ဘောဒီးယားအနေနဲ့ တိုးတက်လာတဲ့ အနေအထားနဲ့ မြင်မိပြီးတော့ ထောက်ခံတယ်လို့ ပြောဆိုသွားပါတယ်။